ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

အမိန့်အမှတ်၊ ၂ /၂၀၂၃

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၆ ရက်

(၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၃ ရက်)

# ခွာနာလျှာနာရောဂါကင်းရှင်းဇုန်၊ ခွာနာလျှာနာရောဂါကာကွယ်ဇုန်၊ ခွာနာလျှာနာရောဂါထိန်းချုပ်ဇုန်နှင့် ဇီဝလုံခြုံမှုလမ်းကြောင်း တည်ထောင်သတ်မှတ်ကြေညာခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန သည် တိရစ္ဆာန်ကျန်းမာရေးနှင့်မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၉၊ ပုဒ်မခွဲ (င)နှင့် ပုဒ်မ ၅၅၊ ပုဒ်မခွဲ(က) တို့အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံးပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၂။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန သည် တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်နိုင်ရန်နှင့် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်း များ ကုန်သွယ်မှုပြုရာတွင် အထောက်အကူပြုစေရန် ရည်ရွယ်တည်ထောင်ထားသည့် ပူးတွဲပါ ကိုဩဒိနိတ် အမှတ်အသားများ (Coordinate points) ဖြင့် ဖော်ပြထားသော နယ်မြေဧရိယာ များအား ခွာနာလျှာနာရောဂါကင်းရှင်းဇုန်၊ ခွာနာလျှာနာရောဂါကာကွယ်ဇုန်၊ ခွာနာလျှာနာ ရောဂါထိန်းချုပ်ဇုန်နှင့် ဇီဝလုံခြုံမှုလမ်းကြောင်းများအဖြစ် အောက်ပါအတိုင်း သတ်မှတ် ကြေညာလိုက်သည်-

(က) ကွတ်ခိုင် ခွာနာလျှာနာရောဂါကင်းရှင်းဇုန်
(ရှမ်းပြည်နယ်၊ ကွတ်ခိုင်ခရိုင်၊ ကွတ်ခိုင်မြို့နယ်ရှိ ကိုဩဒိနိတ်အမှတ်အသား (၃၇) ခု ပါ နယ်မြေဧရိယာ) ပူးတွဲ (၁)

(ခ) ကွတ်ခိုင် ခွာနာလျှာနာရောဂါကာကွယ်ဇုန်
(ရှမ်းပြည်နယ်၊ ကွတ်ခိုင်ခရိုင်၊ ကွတ်ခိုင်မြို့နယ်ရှိ ကိုဩဒိနိတ်အမှတ်အသား (၁၄) ခု ပါ နယ်မြေဧရိယာ) ပူးတွဲ (၂)

(ဂ) ခွာနာလျှာနာရောဂါထိန်းချုပ်ဇုန်(ကျွဲနွားစုဆောင်းမွေးမြူရေးခြံဇုန်)
(ရှမ်းပြည်နယ်၊ လားရှိုးခရိုင်၊ လားရှိုးမြို့နယ်နှင့် သိန္နီမြို့နယ်၊ ကွတ်ခိုင်ခရိုင်၊ ကွတ်ခိုင်မြို့နယ်နှင့် ကျောက်မဲခရိုင်၊ နမ္မတူမြို့နယ်ရှိ ကိုဩဒိနိတ်အမှတ်အသား (၂၀) ခုပါ နယ်မြေဧရိယာ) ပူးတွဲ (၃)

(ဃ) ဇီဝလုံခြုံမှုလမ်းကြောင်း

(ကွတ်ခိုင်ခရိုင်၊ ကွတ်ခိုင်မြို့နယ်၊ ခွာနာလှျာနာရောဂါကင်းရှင်းဇုန်မှ မူဆယ်ခရိုင်၊ မူဆယ်မြို့နယ်နှင့် နမ့်ခမ်းမြို့နယ်သို့သွားရာ အရှည်(၁၄၇.၅၈)ကီလိုမီတာရှိသော ကားလမ်းမကြီး၏ ဘေးဝဲယာ(၃)ကီလိုမီတာအတွင်းရှိ ကိုဩဒိနိတ်အမှတ်အသား (၃၀) ခုပါ နယ်မြေဧရိယာ) ပူးတွဲ (၄)

ဒေါက်တာရဲထွန်းဝင်း
ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ပကရ/၁/DFZ/ ( ၁၇၃ )/မကညကခ-၂၀၂၃
ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၃ ရက်

**ဖြန့်ဝေခြင်း**

ပြည်ထောင်စုဝန်ကြီးရုံး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ တောင်ကြီးမြို့
ရှမ်းပြည်နယ်အစိုးရအဖွဲ့ခွဲရုံး(ရှမ်းမြောက်)၊ လားရှိုးမြို့
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန
မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန
ဦးစီးဌာန/တက္ကသိုလ်များ(အားလုံး)၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
သစ်တောဦးစီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ကုန်သွယ်ရေးဦးစီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန
အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန
ရှမ်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့(မြောက်ပိုင်း)၊ လားရှိုးမြို့
ဒုတိယညွှန်ကြားရေးမှူးချုပ်များ(အားလုံး)၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီ
မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း
မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်

ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၊ တောင်ကြီးမြို့

တွဲဖက်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၊ လားရှိုးမြို့

တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူးများ(အားလုံး)၊မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

**မိတ္တူကို**

ညွှန်ကြားရေးမှူးချုပ်ရုံး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

လက်ခံစာတွဲ

မျှောစာတွဲ

ပူးတွဲ-၁

## ကွတ်ခိုင် ခွာနာလျှာနာရောဂါကင်းရှင်းဇုန် တည်နေရာပြမြေပုံ

| | | |
|---|---|---|
| ဇုန်တည်နေရာ | - | ကွတ်ခိုင်ခွာနာလျှာနာရောဂါကင်းရှင်းဇုန်သည် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကွတ်ခိုင်ခရိုင်၊ ကွတ်ခိုင်မြို့နယ်၊ အင်မိန်းဟိုကျန့်ကျေးရွာအုပ်စု၊ (၃၈) မိုင်မန်ပြိန်းကျေးရွာအုပ်စုနှင့် ကောင်းခါးကျေးရွာအုပ်စုတို့တွင် တည်ရှိပါသည်။ အဆိုပါဇုန်တည်ရှိသည့် ကိုဩဒိနိတ်အမှတ်အသား (၃၇) ခု ပါဝင်သော တည်နေရာပြမြေပုံအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။ |
| ဇုန်ဧရိယာ | - | (၁၇.၇၂) စတုရန်းကီလိုမီတာ ကျယ်ဝန်းပါသည်။ |
| ကျေးရွာတည်ရှိမှု | - | ကွတ်ခိုင်ခွာနာလျှာနာရောဂါကင်းရှင်းဇုန်အတွင်းကျေးရွာများတည်ရှိမှု မရှိပါ။ |
| မွေးမြူရေးခြံတည်ရှိမှု | - | ကွတ်ခိုင် ခွာနာလျှာနာရောဂါကင်းရှင်းဇုန်အတွင်း မွေးမြူရေးခြံနှင့် တိရစ္ဆာန်များ မွေးမြူထားရှိခြင်း မရှိပါ။ |





ပုံ (၁) ကွတ်ခိုင် ခွာနာလျှာနာရောဂါကင်းရှင်းဇုန် တည်နေရာပြမြေပုံ

ပူးတွဲ-၂

## ကွတ်ခိုင် ခွာနာလျှာနာရောဂါကာကွယ်ဇုန် တည်နေရာပြမြေပုံ

| | | |
|---|---|---|
| ဇုန်တည်နေရာ | - | ကွတ်ခိုင် ခွာနာလျှာနာရောဂါကာကွယ်ဇုန်သည် ကွတ်ခိုင် ခွာနာလျှာနာရောဂါကင်းရှင်းဇုန်၏ အပြင်ဘက် (၃) ကီလိုမီတာအကွာနယ်မြေ ဧရိယာအား သတ်မှတ်ထားရှိပြီး ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကွတ်ခိုင်ခရိုင်၊ ကွတ်ခိုင်မြို့နယ်၊ အင်မိန်းဟိုကျန့် ကျေးရွာအုပ်စု၊ (၃၈) မိုင် မန်ပြိန်းကျေးရွာအုပ်စုနှင့် ကောင်းခါးကျေးရွာ အုပ်စုတို့တွင်တည်ရှိပါသည်။ အဆိုပါဇုန်တည်ရှိသည့် ကိုဩဒိနိတ်အမှတ်အသား (၁၄) ခု ပါဝင်သော တည်နေရာပြမြေပုံအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။ |
| ဇုန်ဧရိယာ | - | (၉၉.၅၁) စတုရန်းကီလိုမီတာ ကျယ်ဝန်းပါသည်။ |
| ကျေးရွာတည်ရှိမှု | - | ကွတ်ခိုင် ခွာနာလျှာနာရောဂါကာကွယ်ဇုန်အတွင်း ကျေးရွာ (၁၅) ရွာ တည်ရှိပါသည်။ |





ပုံ (၂) ကွတ်ခိုင် ခွာနာလျှာနာရောဂါကာကွယ်ဇုန် တည်နေရာပြမြေပုံ

ပူးတွဲ-၃

## ခွာနာလျှာနာရောဂါထိန်းချုပ်ဇုန် (ကျွဲနွားစုဆောင်းမွေးမြူရေးခြံဇုန်) တည်နေရာပြမြေပုံ

ဇုန်တည်နေရာ - ခွာနာလျှာနာရောဂါထိန်းချုပ်ဇုန်သည် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးခရိုင်၊ လားရှိုးမြို့နယ်နှင့် သိန္နီမြို့နယ်၊ ကွတ်ခိုင်ခရိုင်၊ ကွတ်ခိုင်မြို့နယ်နှင့် ကျောက်မဲခရိုင်၊ နမ္မတူမြို့နယ်တို့တွင် တည်ရှိပြီး နယ်မြေဧရိယာ အကျယ်အဝန်း အနေဖြင့် (၄၁၅၄.၉) စတုရန်းကီလိုမီတာ ကျယ်ဝန်းပါသည်။ အဆိုပါ ဇုန်တည်ရှိသည့် ကိုဩဒိနိတ် အမှတ်အသား (၂၁) ခု ပါဝင်သော တည်နေရာပြ မြေပုံအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။




ပုံ (၃) ခွာနာလျှာနာရောဂါထိန်းချုပ်ဇုန် (ကျွဲနွားစုဆောင်းမွေးမြူရေးခြံဇုန်) တည်နေရာပြမြေပုံ

ပူးတွဲ-၄

## ဇီဝလုံခြုံမှုလမ်းကြောင်း တည်နေရာပြမြေပုံ

| | | |
|---|---|---|
| တည်နေရာ | - | ဇီဝလုံခြုံမှု လမ်းကြောင်းသည် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကွတ်ခိုင်ခရိုင်၊ ကွတ်ခိုင်မြို့နယ်ရှိ ကွတ်ခိုင် ခွာနာလျှာနာ ရောဂါကင်းရှင်းဇုန်မှ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မူဆယ်ခရိုင်၊ မူဆယ်မြို့နယ်နှင့် နမ့်ခမ်းမြို့နယ်သို့သွားရာ အရှည် (၁၄၇.၅၈) ကီလိုမီတာရှိသော ကားလမ်းမကြီး၏ ဘေးဝဲယာ (၃) ကီလိုမီတာအကွာ နယ်မြေဧရိယာအား သတ်မှတ်ထားရှိပါသည်။ အဆိုပါဇုန် တည်ရှိသည့် ကိုဩဒိနိတ် အမှတ်အသား (၃၀) ခုပါဝင်သော တည်နေရာပြမြေပုံအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။ |
| ဧရိယာ | - | (၇၅၈.၉) စတုရန်းကီလိုမီတာ ကျယ်ဝန်းပါသည်။ |
| ကျေးရွာတည်ရှိမှု | - | ဇီဝလုံခြုံမှုလမ်းကြောင်းအတွင်း ကျေးရွာ (၉၅) ရွာ တည်ရှိပါသည်။ |




ပုံ (၄) ဇီဝလုံခြုံမှုလမ်းကြောင်းတည်နေရာပြမြေပုံ